© 2017MAHIDOL UNIVERSITY ALL RIGHTS RESERVED

## ဆေးဝါးများကို မှန်ကန်စွာ မှီဝဲခြင်းမပြုပါက မည်သို့ ဖြစ်နိုင်သနည်း။

က) အကယ်၍ ဆေးဝါးများကို မှန်မှန်နှင့် စနစ်တကျ မသုံးစွဲပါက တီဘီရောဂါ၏ လက္ခဏာများ ပြန်လည်ပေါ်ပေါက်လာနိုင်သည်။

ခ) ပထမ သုံးစွဲသည့် ဆေးဝါးများသည် အစွမ်းမထက်တော့ပါ၊ အဘယ်ကြောင့်ဆိုသော် ရောဂါပိုးများသည် ထိုဆေးများကို ခံနိုင်ရည် ရှိလာသောကြောင့် ဖြစ်သည်။

ဂ) ပိုမို အချိန်ကြာမြင့်စွာ ဆေးကုခံရတော့မည် ဖြစ်သည်သာမက ငွေကြေးအကုန်အကျ များပြားလာနိုင်သည့်အပြင် အသက်အန္တရာယ်လည်း ရှိလာနိုင်သည်။



**" ဆေးမတိုးတော့ တဲ့ တီဘီက သေဆုံးစေနိုင်တယ်"**

## တီဘီရောဂါမှ ကာကွယ်ခြင်း

၁. တီဘီရောဂါရှိသူသည် ချောင်းဆိုးသောအခါတွင် လက်ကိုင်ပုဝါနှင့် ပါးစပ်ပိတ်၍ ချောင်းဆိုးရမည်။

၂. တီဘီရောဂါရှိသူသည် မိမိတံတွေးကို နေရာတကာ တွင် မထွေးရ။ အဖုံးရှိသောခွက်တွင် စနစ်တကျ ထွေးရမည်။ ယင်းတံတွေးများကို မီးရှို့ခြင်း၊ မြေမြှုပ်ခြင်းတို့ကို ပြုရမည်။

၃. ဝင်လေ-ထွက်လေ ကောင်းသောအခန်းတွင် နေထိုင်စေရမည်။

၅. ထိုရောဂါသည်များနှင့် ဆက်ဆံမှု ရှိသူများသည် တီဘီရောဂါ လက္ခဏာ ပေါ်ပေါက်လာပါက လိုအပ်သည့် ဆေးစစ်မှုများကို ဆောင်ရွက် သင့်သည်။ ကလေးများနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများအား ရောဂါကူးရန် ပို၍ အန္တရာယ်ရှိ၍ အထူးသတိရှိရန် လိုအပ်ပါသည်။

၁၅၀၀/၃၄၃၂, တမ်ဘွန်
မဟာချိုင်၊ အမ်ဖို မူရန်
စမွတ်စခွန်၊ ၇၄၀၀၀။

# အဆုတ် တီဘီရောဂါ ကာကွယ်ပါ။

## (วัณโรค)



အဖြစ်များသော သေစေနိုင်သည့် ကူးစက်ရောဂါဖြစ်သည်။ Mycobacterium tuberculosis ဘက်တီးရီးယားကြောင့် ဖြစ်ပြီး ဆရာဝန်များ၏ ညွှန်ကြားချက်အတိုင်း စနစ်တကျနှင့် ပုံမှန် ဆေးဝါးကို သုံးစွဲခြင်းဖြင့် တီဘီရောဂါကို အမြစ်ပြတ် ပျောက်ကင်းစေနိုင်သည်။

UNITE TO END TB

© 2017MAHIDOL UNIVERSITY ALL RIGHTS RESERVED

**တီဘီရောဂါ ပိုးဟာ ရောဂါဖြစ်ပွားနေသူ၏ နှာချေ၊ ချောင်းဆိုးခြင်း၊ တံတွေးထွေးခြင်းကြောင့် လေမှ တစ်ဆင့် အသက်ရှူလမ်းကြောင်း တလျှောက် ဂင်ရောက် ကူးစက်တတ်ပါတယ်။ အဓိကအားဖြင့် အဆုတ်တွင်းတွင် ဂင်ရောက်ပွားများတတ်ပြီး ခန္ဓာကိုယ် အခြားနေရာများသို့လည်း  ပြန့်နှံ့ဖြစ်ပွားတတ်ပါတယ်။**



**တီဘီ ရောဂါ လက္ခဏာ ခံစား ဖြစ်ပွား နေသူများ မကုသ ဘဲ ထားပါက ၅၀% ကျော်ဟာ အသက် ဆုံးရှုံး နိုင်ပါတယ်.**




**အဆုတ် တီဘီ ရောဂါ လက္ခဏာများ**

- သတင်းသုံးပတ်ထက်ပိုသော အချိန်ကာလအထိ ချောင်းဆိုးနေခြင်း၊



- ချောင်းဆိုးသောအခါ တံတွေးမှ သွေးပါခြင်း၊
- သတင်းသုံးပတ်ထက်ပိုသောအချိန်ထိ ညတိုင်း အဖျားတက်ခြင်းနှင့် ခန္ဓာကိုယ်မှ ချွေးထွက်ခြင်း၊
- အစားအသောက်ပျက်လာခြင်းနှင့် ခန္ဓာကိုယ် အလေးချိန် လျော့နည်းလာခြင်း၊



- ရင်ဘတ်အတွင်း နာကျင်လာခြင်း။



**တီဘီ ရောဂါ ပိုးဟာ အခြား ရောဂါ ပိုးများနဲ့ မတူဘဲ အချိန် ကြာရှည်စွာ ကုသမှ ပျောက်ကင်း နိုင်ပါတယ်၊ ဖြစ်ပွားမှု အသစ် အဟောင်း၊ ဖြစ်ပွားတဲ့ နေရာ ပေါ် မူတည်ပြီး ဆေးကို ၆ လ မှ ၂ နှစ် ထိ သောက်ဖို့ လိုအပ် ပါတယ်။**

